# ကမ္ဘာကြီး ဘာဖြစ်နေပြီလဲ ?



☐ ၄ ရာစုတုန်းက ကမ္ဘာကြီးကို ပြားတယ်လို့ထင်ခဲ့တယ်။



☐ ၁၄ ရာစုကျတော့ လေးထောင့်ကြီးလို့ မှန်းဆခဲ့တယ်။



☐ ၁၆ ရာစုရောက်မှ ကမ္ဘာလုံးမှန်း သိကြတယ်။

☐ အခုရာစုမှာ ကမ္ဘာကြီး ဘယ်ပုံ ဖြစ်နေပြီလဲ ?



လူတွေရဲ့ မဆင်ခြင်မှုကြောင့်ကမ္ဘာကြီးဟာ အမှိုက်ပုံးကြီးနဲ့တူနေပြီ။ ဒီထဲမှာ ပလပ်စတစ်အမှိုက် က အတော်ဆိုးတယ်။ စွန့်ပစ်လိုက်ပြီးရင် မြေကြီးထဲမှာ ဆွေးမြေ့ဖို့ နှစ်ပေါင်း(၁၀) ကနေ (၁၀၀၀)ထိ ကြာတယ်။




လူတစ်ယောက်ဟာ ပလပ်စတစ်အိတ် (၂)အိတ်ကျော် နေ့စဉ် သုံးတယ်။ လူ(၆)သန်းနီးပါး ရှိတဲ့ **ရန်ကုန်**မှာ ပလပ်စတစ်အိတ်**(၁၀)**သန်းကျော် နေ့စဉ် စွန့်ပစ်နေတာပေါ့။

ဒီမဆွေးမြေ့တဲ့
ပလပ်စတစ်အမှိုက်တွေဟာ
မြေပေါ်မှာသာမက
.........
.........
ရေထဲကိုပါ ဒုက္ခပေးတယ်။









# လူတိုင်းတတ်နိုင်တဲ့ နည်း (၅) ခု




## Reduce
၁။ လျှော့သုံး

■ မလိုဘဲ ပလပ်စတစ် ပိုမသုံးနဲ့။




## Reuse
၂။ ပြန်သုံး

■ လွှင့်မပစ်ဘဲ ပြန်သုံးပါ။




## Recycle
၃။ ပြန်ထွင်သုံး

■ အမှိုက်တွေကနေ အသုံးဝင်တဲ့ပစ္စည်း ထုတ်လုပ်ပါ။




## Reject
ငြင်းပယ်ပါ။

■ ကိုယ့်မှာ ထည့်စရာပါရင် "မလိုဘူး" လို့ ငြင်းပယ်ပါ။




## Return
ပြန်ပို့ပါ။

■ အိတ်ခွံတွေ စုထားပြီး ဆိုင်ကို ပြန်ပို့ပါ။




ဒီနည်းတွေနဲ့ လောက **ကောင်းကျိုး** ကို မပင်မပန်း **နေ့စဉ်** လုပ်သွားနိုင်တယ်။

**ဒီနေ့ စလုပ်နော်..**